အမျိုးသားကျန်းမာရေးအာမခံနှင့်စပ်လျဉ်းသည့် အရေးကြီးသောအကြောင်းကြားစာ

1 အာမခံကြေးမှာ ယခင်နှစ် လစာစသည့် ဝင်ငွေပေါ်မူတည်၍ သတ်မှတ်သည်။ သတ်မှတ်ထားသည့် အာမခံကြေးမှာ မပျက်မကွက် မပေးဆောင်၍မရပါ။

(ဥပမာ) ※ အားလုံးမှာ 39နှစ်နှင့်အောက် ဖြစ်သောအခါ

ယခင်နှစ် ဝင်ငွေ 0 ယန်း … တစ်နှစ်အတွက် ပေးချေရမည့် အာမခံကြေးငွေပမာဏ 16,000 ယန်း ( ဧပြီလ ~နောင်နှစ် မတ်လ)

ယခင်နှစ် ဝင်ငွေ 1,200,000 ယန်း … တစ်နှစ်အတွက် ပေးချေရမည့် အာမခံကြေးငွေပမာဏ 47,000 ယန်း

ယခင်နှစ် ဝင်ငွေ 1,600,000 ယန်း … တစ်နှစ်အတွက် ပေးချေရမည့် အာမခံကြေးငွေပမာဏ 110,000 ယန်း

ဂျပန်သို့ရောက်ခါစနှစ်၏ အာမခံကြေးမှာ သက်သာသော်လည်း အလုပ်လုပ်၍ လစာ စသည့် ဝင်ငွေရှိလျှင် လာမည့်ဘဏ္ဍာရေးနှစ် ၏ အာမခံကြေးမှာ တိုးလာပါမည်။ နေထိုင်ခွင့်မှာလည်း အတူပင်ဖြစ်သည်။ ဂျပန်သို့ ရောက်ခါစနှစ် အတွင်းမှပင် လာမည့်နှစ်တွင် အာမခံကြေး ပေးဆောင်နိုင်ရန် ပြင်ဆင်ထားကြပါစို့။

2 အာမခံကြေးမှာ ဘဏ်အကောင့်မှ ငွေလွှဲခြင်း(နုတ်ယူခြင်း) မှာ အခြေခံစည်းမျဉ်းဖြစ်သည်။

ပေးဆောင်ရန်မေ့လျော့ခြင်းမရှိစေရန်အတွက် နုတ်ယူရမည့် ဘဏ်အကောင့်မှာ လစာစသည်တို့ လွှဲသွင်းမည့် ဘဏ်အကောင့်ကို မှတ်ပုံတင်ပါ။ အာမခံကြေးမှာ လကုန်ရက်တွင် နုတ်ယူမည်။

3 အာမခံကြေးမှာ ပေးဆောင်ရန်သတ်မှတ်ကာလနောက်ဆုံးထားပြီး မပေးချေလျှင် နစ်နာမှုများ ဖြစ်ပေါ်ပါမည်။

① လစာ၊ဘဏ်အပ်ငွေ စသည့် ပိုင်ဆိုင်မှုစစ်ဆေးခြင်း၊ ထိန်းသိမ်းမှု ပြုလုပ်ခြင်း ② လုပ်ငန်းခွင်တွင် ဝန်ထုတ်ဝန်ပိုး ဖြစ်စေခြင်း ( မြို့နယ်ရုံးမှ စုံစမ်းစစ်ဆေးမှုအပေါ် ဖြေဆိုခြင်း၊ ထိန်းသိမ်းရန်အတွက် လိုအပ်သလို လုပ်ဆောင်ရန် ဥပဒေအရ တာဝန်ရှိခြင်း) ③ ဆေးရုံ၊ဆေးခန်းတွင် ပေးဆောင်ရမည့် ကုသမှုစရိတ်မှာ 100% ဖြစ်ခြင်း (ကုသမှုစရိတ် အားလုံးကို မိမိဘာသာ တစ်လုံးတစ်ခဲတည်း ပေးဆောင်ရခြင်း) ④ အာမခံကတ်ပြား၏ အကျုံးဝင်သည့် ကာလ တိုသွားခြင်း ⑤နေထိုင်ခွင့်အမျိုးအစား ပြောင်းလဲခြင်း၊ နေထိုင်ခွင့် သက်တမ်းတိုးမှု ခွင့်မပြုခြင်း တို့ ဖြစ်လေ့ရှိပါသည်။

※နေထိုင်ခွင့်အမျိုးအစား ပြောင်းလဲခြင်း၊ နေထိုင်ခွင့်သက်တမ်းတိုးခြင်း ပြုလုပ်ချိန်တွင် အာမခံကြေး ပေးဆောင်ပြီးကြောင်း အထောက်အထားစာရွက် လိုအပ်သည့်အခါလည်း ရှိသည်။

4 အလုပ်မလုပ်သောသူ၊လစာစသည့် ဝင်ငွေနည်းပါးသူများလည်း မပျက်မကွက် ဝင်ငွေကို ကြေညာပါ။

ဝင်ငွေမကြေညာပါက ယခင်နှစ်ဝင်ငွေမှာ သတ်မှတ်ထားသည့် အခြေခံစံနှုန်း အောက်ဖြစ်လျှင်လည်း အာမခံကြေး လျှော့ချမခံရခြင်း၊ ပမာဏများပြားသော ကုသမှုစရိတ် ၏ မိမိဘာသာပေးဆောင်ရမည့် ကန့်သတ်ပမာဏမှာ အမြင့်ဆုံး သတ်မှတ်ပမာဏ အဖြစ် သတ်မှတ်ခံရခြင်း (ကန့်သတ်ပမာဏ မြင့်တက်ခြင်း ) စသည့်

**အခါများလည်း ရှိပါသည်။**

**◎ လုပ်ငန်းခွင် ရှိ ကျန်းမာရေးအာမခံ စသည်တို့တွင် ဝင်ထားပါလျှင် မိမိကိုယ်တိုင် အမျိုးသားကျန်းမာရေးအာမခံကို ရပ်နားရန်လုပ်ငန်းစဉ်ကို ပြုလုပ်ပါ။**

≪ အမျိုးသားကျန်းမာရေးအာမခံ၏ အသေးစိတ်လမ်းညွှန်ချက်မှာ ဒီနေရာမှ ≫
တိုရှိမမြို့နယ် Homepage

**အမျိုးသားကျန်းမာရေးအာမခံနှင့်စပ်လျဉ်း၍ နားမလည်သည့်အကြောင်းအရာများရှိပါက ဆက်သွယ်ပါ။**
**မေးခွန်း အမျိုးသားကျန်းမာရေးအာမခံဌာန အရည်အချင်း၊အာမခံကြေး အဖွဲ့ Ph 03-4566-2377**